# ပါစကားကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်ယောဟန် ၂၀း၁၉ -၃၁

လူအားလုံးက သနားခြင်း လိုအပ်ကြပါတယ်။ ဘုရားကပဲ သနားသနား၊ ကိုယ့်လူအချင်းချင်းကပဲ သနားသနား၊ ကိုယ်ချင်းစာနာတာပဲဖြစ်ဖြစ် လူတိုင်းမှာ လိုအပ်လှပါတယ်။ ဘာလို့လဲဆိုတော့ လူ့ရဲ့ ကိုယ်ခန္ဓာဆိုရင်လည်း မကျန်းမမာဖြစ်တာတွေ၊ နာကျင်ကိုက်ခဲတာတွေ ဖြစ်နေရပါတယ်။ မကျန်းမမာဖြစ်နေတာကို လစ်လျူရှုထားလို့ မရနိုင်ပါဘူး။ ဒါကြောင့် လူအများစုက ဆုတောင်းဖို့လာရင် များသောအားဖြင့် ကျန်းမာရေးကောင်းဖို့အတွက် ဆုတောင်းကြပါတယ်။

ယနေ့ဖတ်ရတဲ့ ပထမကျမ်း တမန်တော် ဝတ္ထုမှာ "သူတို့သည် ပေတရု ကြွလာသောအခါ လူနာတစ်စုံတစ်ယောက်အပေါ်သို့ သူ၏အရိပ်ကျရောက်စေရန် မျှော်လင့်လျက် ဖျားနာသူများကို အိပ်ရာနှင့် ဖျာများပေါ်တွင် တင်ထားကာ လမ်းများပေါ်၌ထုတ်ထားကြ၏" တဲ့။ တမန်တော်တို့ရဲ့ ပထမဦးဆုံးတန်ခိုးက မကျန်းမမာသူတွေနဲ့ နတ်ဆိုးရဲ့ ညှဉ်းဆဲခြင်းခံရသူတွေကို ဘုရားရဲ့တန်ခိုးတော်နဲ့ပျောက်ကင်းစေပါတယ်။

လူဟာ ကိုယ်ခန္ဓာမှာဖြစ်တဲ့ ရောဂါဝေဒနာတင်မက စိတ်မှာဖြစ်တဲ့ စိတ်ဒဏ်ရာတွေ၊ စိတ်မချမ်းသာမှုတွေလည်း အမြဲလိုလို ခံစားနေရပါတယ်။ ကိုယ်နဲ့ ဆန့်ကျင်ဘက်သူတွေကြောင့်၊ ကိုယ့်အနာဂတ် မရေမရာဖြစ်နေတာကြောင့်၊ ကိုယ့်ကိုယ်ကို မခွင့်လွှတ်နိုင်တာကြောင့် အချိန်တိုင်းလိုလို စိတ်မချမ်းသာပါဘူး။ တမန်တော်တွေလည်း ဂျူးလူမျိုးတွေက လာဖမ်းမှာ ကြောက်နေလို့ တံခါးတွေပိတ်ပြီး နေနေကြတယ်။ သူတို့ရဲ့အတွင်းစိတ်ထဲမှာလည်း ဆရာသခင်ဖြစ်တဲ့ ယေဇူးဘုရားကို ကာကွယ်မပေးပဲ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့တာတွေကို ပြန်စဉ်းစားပြီး ကိုယ့်ကိုယ်ကို မခွင့်လွှတ်နိုင်ကြဘူး၊ စိတ်မသန့်ကြဘူး။

တစ်ချို့လူတွေကျ ရှင်ယောဟန်လို ဘာသာရေး ဖိနှိပ်တဲ့အနေနဲ့ သူ့ကို ဘယ်သူ့ကိုမှ တရားမဟောနိုင်အောင် လူမရှိတဲ့ ကျွန်း (ပတ္တမော့ကျွန်း)ကို နယ်နှင်ဒဏ်ပို့ခံနေရပါတယ်။ ယခုခေတ်မှာတော့ ကိုယ်ယုံကြည်ရာ ဘာသာအတွက် သူတို့ခေတ်ကလို ညှဉ်းဆဲတာမျိုး မခံရပေမဲ့ ဘာသာရေးစကား ပြောမှာကို မလိုလားကြတဲ့အသိုင်းအဝိုင်း ၊ လောကဆန်တဲ့အသိုင်းအဝိုင်း၊ ဘုရားပျောက်နေတဲ့အသိုင်းအဝိုင်း ဖြစ်နေပါတယ်။ ဘာသာရေး ဟောပြောလို့ လက်မခံကြပါဘူး။ ဘာလို့လဲဆိုတော့ ဧဝံဂေလိတရားတော်ထဲမှတန်ဖိုးထားရာတွေဖြစ်တဲ့ ခွင့်လွှတ်ခြင်း၊ ရန်သူကိုချစ်ခြင်း၊ မိမိကိုယ်ကို ငြင်းပယ်ခြင်းစတဲ့ စိတ်ထားတွေကို လက်မခံကြတော့ဘူး။ ဒါကြောင့် ကိုယ်ဝန်ဖျက်ချတာတို့၊ လိင်တူဆက်ဆံတာတို့၊ မကောင်းတဲ့ရုပ်ပုံ ဗီဒီယိုကြည့်တာတို့၊ မူးယစ်သောက်စားတာတို့ကို တားမြစ်ဖို့ မလွယ်ကူတော့ပါဘူး။ ဟောပြောရင်လည်း အတိုက်အခံလုပ်ခံရမှာ စိုးရိမ်နေကြတယ်။ နောင်လာနောင်သား ကလေးတွေလည်း ဖုန်းထဲကမြင်နေရတဲ့ ဆန့်ကျင်ချင်တဲ့ စိတ်ထားတွေ၊ မနာခံချင်တဲ့စိတ်ထားတွေ၊ လောကပကာသနစိတ်ထားတွေ၊ ကိုယ့် တစ်ကိုယ်ကောင်းစိတ်ထားတွေကို အတုယူနေကြတော့တယ်။

အခုလို မကျန်းမမာဖြစ်နေချိန်၊ စိုးရိမ်ကြောက်လန့်နေရချိန်တွေမှာ ဘုရားရဲ့ဂရုဏာသနားခြင်းကို မမှီခိုလို့ ဘယ်သူ့ကို မှီခိုအားထားစရာ ရှိသလဲ။ သတင်းကောင်းကတော့ ယေရှုဘုရားရှင်က ဂရုဏာရှင်ယေရှု ဖြစ်တော်မူပါတယ်။ ဘုရားက လူတွေကို ဘယ်လောက်တောင် သနားတတ်သလဲဆိုတာ ယေရှုဘုရားရှင်ရဲ့ ဘဝအသက်တာကို ကြည့်ပါ။ အကြိမ် ခုနစ်ဆယ်ခုနစ်လီ ခွင့်လွှတ်ဖို့ တရားပေးခဲ့တယ်၊ တန်ခိုးတော်နဲ့ ကုသခြင်းဖြင့် နတ်ဆိုးလက်မှလွတ်မြောက်စေခဲ့တယ်။ အထူးသဖြင့် ဒုက္ခခံ အသေခံပြီး ရှင်ပြန်ထမြောက်ပေးခြင်းဖြင့် လူတွေရဲ့နောက်ဆုံးပန်းတိုင်ဟာ

သေခြင်းမဟုတ်ဘူး၊ ထာဝရအသက်နဲ့ ရှင်ဖို့ဖြစ်တယ်ဆိုတာ သေချာစေခဲ့တယ်။ နောက်ဆုံးညစာ စားပွဲမှာ တပည့်တော်တွေရဲ့ ခြေကို ဆေးခဲ့ပြီး လူတွေလိုက်ကျင့်ကြဖို့ နိမ့်ချခြင်းစံနမူနာပေးခဲ့တယ်။ ဂျက်ဆေမာနီ ဥယျာဉ်ထဲမှာ ကိုယ်တော့်ကို လာဖမ်းတုံးက "သင်တို့သည် ငါ့ကို ရှာကြပါလျှင် ငါ့ကိုပဲ ဖမ်းပါ၊ ထိုသူတို့ကို ပြန်ခိုင်းလိုက်ပါ" ဆိုပြီး သူတစ်ယောက်တည်း အဖမ်းခံမယ်၊ ကျန်တဲ့တပည့်တော်ကြီးတွေကို ဘာမျှမလုပ်နဲ့လို့ ကာကွယ်ပေးတော်မူပါတယ်။ ပေတရုက ဓါးနဲ့ခုတ်လို့ နားရွက်ပြတ်သွားတဲ့သူကိုလည်း အကောင်းပကတိအတိုင်းဖြစ်စေခဲ့တယ်။ ဒါကြောင့် ယေရှုဘုရားရှင်က သူတစ်ပါးကောင်းကျိုး၊ ရန်သူ့ကောင်းကျိုးကို အမြဲမျှော်ကိုးနေတဲ့ ဂရုဏာရှင် ဖြစ်တော်မူပါတယ်။

ဒီလို ခြေဆေးတာ၊ ဒုက္ခခံတာ၊ အသေခံတာတွေကြည့်ပြီး "ဘုရားက ငါတို့ကို သိတ်သနားတာပါလား" လို့ မြင်ချင်မှ မြင်မှာပါ။ ဒါကြောင့် သခင်ယေရှု ဒုက္ခခံ အသေခံတာကိုပဲကြည့်ရင် သခင်ယေရှုက ဂရုဏာရှင်ယေရှုဖြစ်တယ်လို့ မခံစားရလို့ပဲ တပည့်တော်ကြီးတွေ ထွက်ပြေးတိမ်းရှောင်ကြတယ်။ တပည့်တော်ကြီး ၂ပါးဆိုရင် စိတ်ပျက်ပြီး ဧမောက်ရွာကို ထွက်သွားကြတယ်။ ဒါကြောင့် သခင်ယေရှု ဒုက္ခခံ အသေခံတာကိုပဲကြည့်ရင် ဘုရားက ငါတို့ကို သနားဂရုဏာထားပါလားဆိုတာ သိတ်မမြင်တွေ့နိုင်ပါဘူး။ မမြင်တွေ့ရတဲ့အပြင် "အခုလို လူကောင်းတစ်ယောက်ဖြစ်တဲ့ သခင်ယေရှုကို မကောင်းတဲ့သူတွေက ဝိုင်းသတ်နေတာကို ဘုရားကလည်း ကြည့်နေနိုင်တယ်နော်၊ ရက်စက်တဲ့ဘုရားပါလား" လို့တောင် အထင်လွဲခံရနိုင်ပါတယ်။

ဒါကြောင့် သေရာမှပြန်ရှင်ပေးလိုက်တဲ့ဘုရားရဲ့တန်ခိုးတော် ကြောင့်သာ ယေရှုဘုရားရှင်ဟာ ဂရုဏာရှင်ပါလားလို့ လူတွေက မြင်လာရတာပါ။ ဟုတ်တယ်လေ၊ သခင်ယေရှုက ဒုက္ခခံအသတ်ခံရပေမဲ့

ဘုရားက သူ့ကို သေရာမှပြန်ရှင်ပေးလိုက်သလို ကျနော်တို့ လူတွေလည်း လောကမှာ ဘယ်လိုဒုက္ခကြုံကြုံ ခံထမ်းရဲသွားပြီလေ၊ ဘာလို့ မခံထမ်းရဲရမှာလဲ။ တစ်နေ့ သခင်ယေရှုလို သေရာမှပြန်ရှင်ပြီး ထာဝရအသက်ရမှာက သေချာနေလို့ပါပဲ။

ဒါကြောင့် ဘုရားက ကျနော်တို့ကို သနားတယ်၊ ဘုရားက ဂရုဏာရှင်ဖြစ်တယ်ဆိုတာ သေရာမှပြန်ရှင်စေခြင်းအားဖြင့် ကျနော်တို့ သိနားလည်ကြပါတယ်။ သခင်ယေရှု သေရာမှပြန်ရှင်ပြီးတဲ့နောက်ပိုင်း တပည့်တော်ကြီးတွေကို အထင်အရှားပြတိုင်း "သင်တို့၌ ငြိမ်သက်ခြင်း ရှိပါစေ" လို့ ခဏခဏ နှုတ်ဆက်လေ့ရှိပါတယ်။ ဘာဖြစ်လို့ ခဏခဏ "သင်တို့၌ ငြိမ်သက်ခြင်းရှိပါစေ" လို့ နှုတ်ဆက်နေရတာလဲ၊ အဖြေကတော့ ရှင်းပါတယ်၊ သူတို့မှာ ငြိမ်သက်ခြင်း မရှိကြလို့၊ သူတို့မှာ စိတ်မချမ်းမသာဖြစ်နေကြလို့ ပါပဲ။ တပည့်တော်ကြီးတွေက ဘာလို့ စိတ်မချမ်းမသာဖြစ်နေကြရတာလဲ။ သူတို့မျှော်လင့်အားထားနေတဲ့ သခင်ယေရှုက အသတ်ခံလိုက်ရလို့ပါပဲ။ ဒါကြောင့် အခုလို သေရာမှပြန်ရှင်ပြလိုက်လို့ သူတို့ကို စိတ်ချမ်းသာစေလိုက်ပြီ။ တစ်ချို့လူတွေက သူတို့ရဲ့အပြစ်တွေကြောင့် စိတ်မချမ်းမသာဖြစ်နေလို့ လူတိုင်းရဲ့အပြစ်တွေကို ခွင့်လွှတ်ပေးနိုင်ဖို့ တပည့်တော်ကြီးတွေကို တာဝန်ပေးခြင်းဖြင့် လူတိုင်းကိုလည်း စိတ်ချမ်းသာစေလိုက်ပါပြီ။ ယနေ့ကျမ်းစာမှာ ယေရှုဘုရားရှင်က တပည့်တော်ကြီးတွေကို လူတွေရဲ့အပြစ်တွေကို ခွင့်လွှတ်နိုင်ဖို့ အခုလို တာဝန်ပေးခဲ့ပါတယ် "သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူကြလော့။ အကြင်သူ၏အပြစ်များကို သင်တို့ခွင့်လွှတ်လျှင် ထိုအပြစ်များသည် ခွင့်လွှတ်ခြင်းခံရ၏။" လို့မိန့်တော်မူပါတယ်။ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းလဲ။

ယေရှုဘုရားရှင်က သင့်အတွက် ဒုက္ခခံအသေခံခြင်းဖြင့် သင့်ကို ချစ်ကြောင်းပြခဲ့ပြီ။ သေရာကနေပြန်ရှင်ပြခြင်းဖြင့် သင်လည်း

သေရာမှပြန်ရှင်ပြီး သင့်အတွက် အိုခြင်း၊နာခြင်း၊သေခြင်း မရှိတော့တဲ့ဘဝသစ်ကို ပြင်ဆင်ထားပေးနေပြီ။ နောက်ပြီး သင့်အပြစ်တွေကြောင့် သင့်ကို စိတ်ဖိဆီးမှု မခံစားရဖို့အတွက် သင့်အပြစ်တွေကို လွှတ်ပေးနိုင်ဖို့ အာပတ်ဖြေခြင်းစက္ကရမင်တူးကို ပေးထားခဲ့ပြီ။ဒါကြောင့် ယေဇူးဘုရားရှင်ကို ဂရုဏာရှင်ယေဇူးလို့ ခေါ်နိုင်တာပါ။ ဒါဆိုသင့်မှာ ဘာစိတ်မချမ်းမသာဖြစ်စရာ ကျန်ပါသေးသလဲ။ ဒါတောင် သင်က စိတ်မချမ်းမသာဖြစ်နေသေးရင်တော့ သင်က တပည့်တော်ကြီးသောမတ်စ် လို "ကိုယ်တော်၏လက်တော်၌ သံရိုက်ရာကို ငါမမြင်ရလျှင်၊ သံရိုက်ရာထဲသို့ ငါ၏လက်ညှိုး မသွင်းရလျှင်၊ ကိုယ်တော်၏နံဘေးတော်ကို ငါ၏လက်ဖြင့် မစမ်းသပ်ရလျှင် ငါယုံကြည်လိမ့်မည်မဟုတ်" ဆိုတဲ့ လူစားမျိုးဖြစ်နေလို့ နေမှာပါ။ ဒါကြောင့် သင်ကို ဂရုဏာရှင်ယေဇူးက "သင်တို့၌ ငြိမ်သက်ခြင်းရှိပါစေ" လို့ဆိုတဲ့အတိုင်း ငြိမ်သက်ခြင်း ရချင်ရင်၊ စိတ်ချမ်းသာချင်ရင် "မမြင်ဘဲနဲ့ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏" လို့ ဆိုတဲ့အတိုင်း ယုံကြည်ဖို့ပဲ လိုပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။